


Third Story Project
in cooperation with
myanmar Story Tellers
facebook.com/thirdstorychildrenbooks

Third Story Project
သဒ်စတိုရီပရောဂျက်မှ
ထုတ်ဝေသည်၊

# တံမြက်စည်းလေး တာဝန်ကျေ

လှိုင်ကော် ပုံပြောသူများအဖွဲ့ (၂၀၁၈)
ကာတွန်းသရုပ်ဖော် – ဟန်

# သဒ်စတိုရီပရောဂျက်မှထွက်ရှိပြီးသောစာအုပ်များ



1. Everyone is Valuable 2. Swe Zin's Dance 3. Birds of a Feather 4. Tale of Two Pots 5. What Makes Us Beautiful 6. Frog and Snake 7. Phway Phway Won't Litter 8. Flying Cat



9. Pu Su's Adventures 10. Thiri Goes to School 11. Ei Si the Duckling 12. Pone Pone's Garden 13. The Gardener 14. For the Love of Trees 15. Working Together 16. The Bridge



17. Superhero 18. Pho Maung and Friends 19. Little Chicken Egg 20. Little Bear's Hobby 21. Singer from Flower City 22. Playtime for Mee Su 23. Taungzalat Tale 24. Happy Journey



25. Robot Footballer 26. Jar Ni Goes to School 27. First Prize 28. Home 29. Maung Sola 30. Little Grey Umbrella 31. Oasis 32. Dee Ku and Bamboo Hat



33. Mi Mi Lay's Sandals 34. Journey to Happy Land 35. The Princess and Sugar Land 36. Village in the Clouds 37. Helpful Dragons 38. Little Bamboo 39. Teacher Guide 40. Activity Sheets



41. The Freedom Story 42. Sewing Needle, Spool of Thread and Five Brothers 43. Jay Jay the Journalist 44. Three Merchants 45. Pu Lone the Little Pillow



46. The Little Broom 47. Jungle People


**ဆက်သွယ်ဝယ်ယူရန်**

+959448311104
www.thirdstoryproject.com
thirdstorychildrenbooks@gmail.com
www.facebook.com/thirdstorychildrenbooks


# တံမြက်စည်းလေး တာဝန်ကျေ

## လှိုင်ကော်ပုံပြောသူများအဖွဲ့ (၂၀၁၈)

## ကာတွန်းသရုပ်ဖော် – ဟန်





တတိယအမြင်ပုံပြင်များစာစဉ် Third Story Project

တတိယအမြင်ပုံပြင်များစာစဉ်နှင့် မိတ်ကောင်းဆွေမွန်ပုံပြင်များ (Story Of Friendship) မှပူးပေါင်းထုတ်ဝေပါသည်။

ထုတ်ဝေသူ – ဒေါ်အိပွင့်ရှိဖ (၀၁၇၉၃)
သဒ်စတိုရီပရောဂျက်စာပေတိုက်
အမှတ် (၁၉၁)၊ ပထမထပ်၊ လမ်း ၄၀ (လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ် – ရွှေပုံနှိပ်တိုက် (မြဲ-၀၀၆၃၂၆)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောဝင်း (အောက်လမ်း)
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။

တံမြက်စည်းလေး အိပ်ရာကနိုးလာတယ်။
“ငါဘယ်ရောက်နေတာပါလိမ့်”




“ကျွန်တော် ဘယ်ရောက်နေတာလဲဟင်” လို့
တံမြက်စည်းလေးဟာ သူ့ဘေးက ဦးဦးအမှိုက်ပုံကို
မေးလိုက်တယ်။ “ငါက အမှိုက်ပုံကွ။ သွား သွားကွာ။
ဒီနားလာမနေနဲ့” လို့ နားညည်းတာ မကြိုက်တဲ့ ဦးဦးအမှိုက်ပုံက
မောင်းထုတ်လိုက်တယ်။



ညစ်ပတ်နေတဲ့ တံမြက်စည်းလေးဟာ မမရေကန်နားရောက်တော့ ရေချိုးခွင့်တောင်းတယ်။

အသန့်ကြိုက်တဲ့ မမရေကန်ကတော့ သူ့ရဲ့ ကြည်လင်နေတဲ့ ရေလေးမှာ တံမြက်စည်းကို ရေချိုးခွင့် မပေးနိုင်ပါဘူး။ “အို ညစ်ပတ်တဲ့ တံမြက်စည်း သွား သွား”





ဒီလိုနဲ့ နေပူပူထဲ သွားရင်း တံမြက်စည်းလေးဟာ
မောလာတာမို့ သစ်ပင်ကြီးရဲ့ အရိပ်အောက်
နားခွင့် တောင်းတယ်။ “အောင်မယ် ငါ့အရိပ်ဟာ
ဧည့်ကောင်း ဆောင်ကောင်းတွေပဲ နားတာကွ။
မင်းလို ညစ်ပတ်တဲ့ကောင် ပေးမနားနိုင်ဘူး” လို့
နှင်ထုတ်လိုက်ပြန်ပါရော။


ဝမ်းပန်းတနည်း ထွက်လာတဲ့
တံမြက်စည်းလေးဟာ
လေပြင်းတစ်ချက်လည်း
တိုက်လိုက်ရော အဝေးကို
လွင့်သွားတော့တယ်။



လွင့်လာတဲ့ တံမြက်စည်းလေးဟာ စိတ်ကောင်းရှိတဲ့
ဖိုးဖိုးရဲ့ အိမ်အဝမှာ သွားကျနေသတဲ့။
“ဟင် တံမြက်စည်းလေးပါလား”။
ညစ်ပတ်လွန်းနေတဲ့ တံမြက်စည်းလေးကို ဖိုးဖိုးက
သန့်ရှင်းရေး လုပ်ပေးတယ်။



ပြီးတော့ ဖိုးဖိုးဟာ တံမြက်စည်းလေးကို ခေါ်ပြီး
ရေကန်ကြီးနားတစ်ဝိုက်ကို သန့်ရှင်းရေးလုပ်ဖို့ ထွက်ခဲ့တယ်။
တံမြက်စည်းလေးက မလုပ်ချင်ဘူးလို့ ငြင်းတာပေ့ါ။





ဖိုးဖိုးက "ညစ်ပတ်တဲ့နေရာတိုင်းမှာ သန့်ရှင်းရေးလုပ်ပေးရမှာက
တံမြက်စည်းရဲ့ တာဝန်ပဲ။ ကိုယ့်တာဝန် ကိုယ်ကျေမှ တန်ဖိုးရှိတဲ့
တံမြက်စည်းလေး ဖြစ်တော့မှာပေါ့" လို့ဆိုတယ်။

ဖိုးဖိုးရဲ့ စကားကြောင့် တံမြက်စည်းလေးဟာ မမရေကန်ရဲ့ ပတ်ဝန်းကျင်ကို သန့်ရှင်းသွားဖို့ ကူညီပေးလိုက်ပါပြီ။ မမရေကန်ကလည်း ကျေးဇူးတွေ တင်နေတော့တာပေါ့။






နောက်ပြီး
သစ်ပင်ကြီး အောက်က
ရွက်ကြွေတွေကိုလည်း
ကူညီလှည်းကျင်း ပေးလိုက်လို့
သစ်ပင်ကြီးကလည်း
တံမြက်စည်းလေးကို
ကျေးဇူးတွေ တင်နေပြန်တယ်။

တာဝန်ကျေတဲ့
တံမြက်စည်းလေးဟာ
ခုတော့လည်း ပျော်နေရပါပြီ။

# ကလေးတို့ ဖြေဆိုရန် မေးခွန်းများ

တံမြက်စည်းလေးကို
ဘယ်သူတွေက ဘာလို့
မောင်းထုတ်ကြတာလဲ။





တံမြက်စည်းလေးဟာ
ဘယ်သူတွေကို
ကူညီပေးလိုက်တာလဲ။



တံမြက်စည်းလေးကို
ဖိုးဖိုးက ဘာပြောလဲ။

ကလေးတို့ကော
ကိုယ့်ပတ်ဝန်းကျင်
သန့်ရှင်းအောင်
တံမြက်စည်းလေး
လုပ်ညီးဖူးကြသလား။

